www.dhammaransi.com

ဦး၊ ကောဝိဒ၊ ဘား၊ ဒါန ပူဇော်သည်

ရန်ကုန်မြို့

မြတ်ဘုရား ရွှေတိဂုံ၏

[ပြည်နယ်နှင့်တိုင်း]

# မသိုးသင်္ကန်း ပူဇော်ပွဲ

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။

ရေးသူ
နေမျိုးကျော်ထင်
တည်းဖြတ်သူ
ဦးခင်မောင်ကျော်

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃ ၁၉၈၁

www.dhammaransi.com

ရန်ကုန်မြို့

မြတ်ဘုရား ရွှေတိဂုံ၏

(ပြည်နယ်နှင့်တိုင်း)

# မသိုးသင်္ကန်း ပွဲတော်

ရေးသူ
နေမျိုး ကျော်ထင်

တည်းဖြတ်သူ
ဦးခင်မောင်ကျော်

www.dhammaransi.com

ပထမ အကြိမ်
အုပ်ရေ ၁၀၀၀၀
၁၃၈၁ နိုဝင်ဘာလ

၂၅၀၂၈

သာသနာရေးဦးစီးဌာနအတွက်
ဒေါ်ခင်ထွေး (၀၉၇၃) ဘဝသစ်ပုံနှိပ်တိုက်
အမှတ် ၄၊ မြယာကုန်းလမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က ပုံနှိပ်၍
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင် (၀၂၅၂၇) က
ထုတ်ဝေသည်။

www.dhammaransi.com

နိုင်ငံတော် ကောင်စီဝင်
သူရ ဦးမင်းသိမ်း

၁၉၇၁-ခု၊ အောက်တိုဘာလ ၂၀ ရက်နေ့၊ ညနေ ၄ နာရီအချိန်တွင် တယ်လီဖုန်းဖြင့် နိုင်ငံတော် ကောင်စီဝင် ရွှေတိဂုံ စေတီတော် နာယက ဦးမင်းသိမ်းထံမှ ရွှေတိဂုံစေတီတော်တွင် မသိုးသင်္ကန်း ကပ်လှူပူဇော်မည် ဖြစ်သဖြင့် မသိုးသင်္ကန်း ကပ်လှူခြင်းသမိုင်းကို ရေးသားပေးရန်နှင့် ထိုစာမူကို နောက်နေ့တွင် စေလွှတ်ယူခိုင်းမည် ဖြစ်ကြောင်း အမိန့်ရှိလာပါသည်။

ဤသို့ဖြင့်—

(၁) ရေးခိုင်းသည့် အကြောင်းသည် မသိုးသင်္ကန်း၊
(၂) ရေးခွင့်ရသည့် ရက်သည်လည်း မသိုးသင်္ကန်း ပမာ ဖြစ်၍နေပေသည်။

မည်သို့ပင် ဖြစ်စေ၊ နိုင်ငံတော် ကောင်စီဝင် ဦးမင်းသိမ်း၏ အမိန့်ကိုကား သွေဖည်လွန်ဆန်၍ ကောင်းမည် မဟုတ်ပါ။ မဖြစ်မနေ ရေးပေးရပေမည်။

ထို့ကြောင့် မိဋ္ဌကာတော်များကို ဟိုက လိုက်ဆွဲ၊ ဒီက လိုက်ဆွဲဖြင့် ဆွဲရပါတော့သည်။ ထို့နောက် ဟိုဘက်ကွက်၊ ဒီဘက်ကွက် ကြည့်ရပါတော့သည်။ ပြည့်ပြည့်စုံစုံ ကြည့်ခွင့် မရနိုင်တော့ပါ။

www.dhammaransi.com

ထို့နောက် ကြည့်ရင်းဖြင့် ရေးရတော့၏။ ရေးရင်းဖြင့် ဝန်ထမ်းတဦး ဖြစ်သည့်အလျောက်လည်း ရုံးလုပ်ငန်းများကို ဆောင်ရွက်ရ၏။ ဆောင်ရွက်ရင်းဖြင့် ရေးရပါတော့၏။ ရေးရင်းတွင် တဂွမ်ဂွမ်ဖြင့် တယ်လီဖုန်းမှ လာသော ပြဿနာများကိုလည်း ဖြေရှင်းရပါတော့၏။ ယင်းသို့ မပြီးသေးမီ အစည်းအဝေးသို့ ယခုပင် ကြွရောက်ရန် လာခေါ်သဖြင့် လိုက်ပါရပြန်ပါ၏။

ဤသို့ဖြင့် လုပ်ငန်းတာဝန်များ ပတ်လည်ဝိုင်းရံလျက် ရှိသည့် အချိန်ကြားမှ "နေမျိုးကျော်ထင်" ကား မသိုးသက်န်းယက်နည်းဖြင့် တနေ့တည်းဖြင့် အပြီးအပိုင် ရေးသွားသည်ကို တွေ့ရပါသည်။

ယင်းသို့ တနေ့တည်းဖြင့် အပြီးရေးသားစေကာမူ-

ပိဋကတော်လာ သမိုင်းကြောင်းများကို ဖော်ထုတ် ရေးသားသဖြင့် သူ၏ မြတ်ဘုရား ရွှေတိဂုံ၏ မသိုးသက်န်း ပူဇော်ပွဲ စာတမ်းသည် တိကျလှ၏။ ခိုင်မာလှ၏။ ထို့ကြောင့် သမိုင်းကြောင်းကို သိလိုသူတို့အတွက် တထိုင်တည်းဖြင့် သိသင့်သိထိုက်သော အချက်အလက်များကို ပြည့်စုံစွာ သိရှိရမည် ဖြစ်ကြောင်း မိတ်ဆက်စကား ရေးသားရပါသတည်း။

ဦးခင်မောင်ကျော်
၂၃-၁၀-၈၁

www.dhammaransi.com

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ အထွဋ်အမြတ် အနေဖြင့် သင်္ကန်းများ ကပ်လှူကြရာဝယ် သီးသန့် ဝိသေသ အမည်နာမ ဖော်ထုတ်၍ လအလိုက် ကပ်လှူကြသည့် သင်္ကန်းတို့ကား—

၁။ ဝါဆိုသင်္ကန်း၊
၂။ ကြာသင်္ကန်း၊
၃။ ပံ့သကူသင်္ကန်း၊
၄။ ကထိန်သင်္ကန်း၊
၅။ မသိုးသင်္ကန်း ဟူ၍ ငါးမျိုးရှိခဲ့လေသည်။

## ဝါဆိုသင်္ကန်း

ဝါဆိုသင်္ကန်းကား ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှ သီတင်းကျွတ်လပြည့် နေ့အထိ ဝါတွင်း သုံးလ ဝါဆိုတော်မူကြကုန်သော ထေရ်အရှင် သံဃာများအား ရည်စူး၍ လှူဒါန်းသော သင်္ကန်းပင် ဖြစ်၏။ ထိုသင်္ကန်းကို လှူဒါန်းပုံနှင့် စပ်လျဉ်း၍ လှူဒါန်းကြသည့် အစဉ်အလာမှာ အထူးပင် ချုပ်လုပ်၍ လှူဒါန်းကြသည် မဟုတ်ဘဲ၊ ဝါဆိုခါနီးတွင် မိမိတို့ လှူလိုသည့် ကျောင်းများရှိ ဆရာတော်များထံ ကပ်ဘို့ရန်အတွက် အသင့်ချုပ်လုပ်ပြီး သင်္ကန်းများကို ဝါဆိုလ-လပြည့်နေ့ သို့မဟုတ် ဝါဆိုလပြည့်ကျော် (၁) ရက်နေ့တွင် သွားရောက်ဆက်ကပ်လေ့ ရှိကြပါသည်၊ ထိုဝါဆိုသင်္ကန်းအတွက် တနေ့တည်းဖြင့် အပြီး ယက်လုပ်၍ ဆက်ကပ်ခဲ့သည် ဟူ၍ မရှိကြပါပေ။

www.dhammaransi.com



## ကြာသင်္ကန်း

ထိုနည်းတူစွာ ကြာသင်္ကန်း ဆက်ကပ်ရာ၌လည်း တနေ့တည်းဖြင့် အပြီး ယက်လုပ်၍ ဆက်ကပ်ဖို့ဆိုသည်မှာ သာ၍ပင်ခက်ခဲလှန်းလှ၏။ မှန်လှပါသည်။ ကြာသင်္ကန်းဟူသည်မှာ ကြာရိုးမှ ကြာမြှင်ကလေးများကို တချောင်းစီ ဆွဲယူ၍ ယက်လုပ်ရသည့် သင်္ကန်းဖြစ်ရကား တခါတလေတနှစ်မျှပင် ကြာညောင်းသည်ကို တွေ့ရပါသည်။ ထိုသင်္ကန်းကို ယက်လုပ်သည့် အမျိုးသမီးတို့မှာလည်း ဆယ်ပေါ်သီလ စောင့်ထိန်းပြီး အပျိုစင်များသာ ယက်လုပ်ရသည် ဟု ဆိုသဖြင့် ခက်ခဲလှကြောင်း ပို၍ပင် ထင်ရှားလှပေသည်။ ကမ္ဘာဦးတည်းက၌ မဟာဗောဓိပင် တည်ရာ မြေ၌ ပေါ်ပေါက်လာသည့် ကြာနိမိတ်ကို အစွဲပြု၍ ကြာသင်္ကန်း ဟူ၍ ခေါ်ဆိုရကား အထက်ဖော်ပြပါအတိုင်း ထိုကြာသင်္ကန်းမှာလည်း တနေ့တည်းဖြင့် အပြီး ယက်လုပ်ရသောသင်္ကန်းမဟုတ်ကြောင်း ထင်ရှားပေသည်။

## ပံ့သုကူသင်္ကန်း

ပံ့သုကူသင်္ကန်းဟူသည် တန်ဆောင်မုန်း လပြည့်နေ့တွင် ရဟန်းသံဃာတော်များ ကြွရောက်ရာ လမ်းတွင် စွန့်ပစ်၍ လှူဒါန်းသော သင်္ကန်းပင် ဖြစ်၏။ ထိုသင်္ကန်းကို အခမ်းအနားဖြင့် တနေ့တည်း ယက်လုပ်၍ စွန့်ပစ်လှူဒါန်းကြသည် ဟူ၍ မရှိပါပေ။ မိမိ လှူလိုသော စိတ်ဆန္ဒဖြင့် သင်္ကန်း ရိုးရိုးကို ဝယ်ယူပြီး မည်သည့်ပုဂ္ဂိုလ် ရပါစေ ဟူ၍ သဘောမထားဘဲ၊ ရသင့်ရထိုက်သော အလှူခံထိုက်သော ရဟန်းသံဃာတို့ ရကြပါ၊

စေဟူသော စိတ်စေတနာဖြင့် သံဃာကို ရည်မှန်း၍ လှူဒါန်းသောသင်္ကန်းပင် ဖြစ်ငြားကား အထက်ဖော်ပြပါအတိုင်း တနေ့တည်းဖြင့် အပြီး ယက်လုပ်သော "မသိုးသင်္ကန်း" ဖြစ်နိုင်စရာ အကြောင်းမရှိပါပေ။

## ကထိန်သင်္ကန်းကို မသိုးသင်္ကန်းဟု ဆို

ကထိန်သင်္ကန်း ဟူသည် သီတင်းကျွတ်လပြည့်ကျော် (၁) ရက်နေ့မှ တန်ဆောင်မုန်း လပြည့်နေ့အထိ "တလ" အတွင်း၌ လှူဒါန်းရသော သင်္ကန်းဖြစ်၏။

## ပုဂ္ဂိုလ်တိုင်း အလှူခံနိုင်

ထိုသင်္ကန်းကို အလှူခံထိုက်သော ပုဂ္ဂိုလ်တို့မှာ ဝါဆိုလပြည့်ကျော် (၁) ရက်နေ့မှ သီတင်းကျွတ် လပြည့်နေ့အထိ ဝါတွင်း "သုံးလ" ၌ အမြဲသီတင်းသုံး နေထိုင်ကြသော (ပုရိမဝါဆိုသော) ရဟန်းသံဃာတို့သာလျှင် အလှူခံထိုက်၏။ (ပစ္ဆိမဝါဆိုသော) ရဟန်းသံဃာတော်များကား အလှူမခံထိုက်ပါပေ။

## အမိကိုသော်လည်း အလှူမခံကောင်း

ထိုကထိန်လျာ သင်္ကန်းကို အလှူခံရှိရေးအတွက် "ဒကာကြီး၊ ကထိန်သင်္ကန်းကို လှူဒါန်းပါ" ဟူ၍ တိုက်ရိုက် မဆိုထားဘိ၊ ဝိညတ် [illegible]။

www.dhammaransi.com



## မာတရမွိ ဝိညာပေတုံ န ဝဋ္ဋတိ၊

မာတရမွိ၊ မိမိ၏ ကျေးဇူးရှင် အမိကိုသော်မျှလည်း၊ ဝိညာပေတုံ၊ စကားရိပ်အမြွက်ကို ဖော်ထုတ်မြွက်ဖော် သိစေဘို့ရန် သော်မှ၊ န ဝဋ္ဋတိ၊ မပြောမဆိုထိုက်ပါပေ—ဟူ၍ လာရှိသည့် အတိုင်း ကထိန်လျှာသက်နိုးလှူဒါန်းဘို့ရန်အမိကိုသော်မျှလည်း အလှူမခံထိုက်ပါပေ။ ထိုမျှ အလှူခံရေးနှင့် စပ်လျဉ်း၍ ရဟန်းသံဃာတော်များအား အလှူမခံဘို့ရန် ဘုရား ပညတ်ချက် ထုတ်ထားအပ်သော သက်နိုးပင် ဖြစ်၏။

## အလှူခံနှင့် အလှူပေး အကျိုး ၂ ချက်ပေး

ထိုကထိန်သက်နိုးကို လှူဒါန်းရာ၌ အလှူခံသော ရဟန်း သံဃာတော်များမှာ တိုက်ရိုက် အကျိုး (၅) ချက် ရရှိ၍ လှူ ဒါန်းကြသော အလှူရှင် ပုဂ္ဂိုလ်တို့မှာလည်း သွယ်ဝိုက်အကျိုး (၅) ချက် ရရှိပေသည်။

ဘုရားရှင် ကိုယ်တော်မြတ်သည် ကထိန်လျှာသက်နိုးကို အလှူခံရသော ရဟန်းသံဃာတော်များအား အကျိုး (၅)ပါး ရရှိကြောင်းကို တိုက်ရိုက် ဟောကြားတော်မူခဲ့ပါသည်။

လှူဒါန်းကြသော အလှူရှင်များအတွက်ကိုမူ တိုက်ရိုက်ဟော ကြားခြင်း မရှိပါပေ။ သို့ရာတွင် ရဟန်းသံဃာတော်များ ရရှိ သည့် အကျိုးတရား (၅) ပါးကိုပင်ရရှိနိုင်ကြောင်း (အဝုတ္တသိဒ္ဓိ နည်းဖြင့်) မဟောသော်လည်း (အနုမာန) ဖြင့် သိကြရမည် ဟူ၍ ဆိုကြပါသည်။

www.dhammaransi.com



## အကျိုးတရား ငါး ပါး

ထိုကထိန်သင်္ကန်း အလှူခံရသော ရဟန်းသံဃာတော်များနှင့် လှူဒါန်းကြသော အလှူရှင်ပုဂ္ဂိုလ်တို့ ရရှိကြမည့် အကျိုးကို ဤသို့ယှဉ်တွဲ၍ ဖော်ပြအပ်ပေသည်။

(၁) ကထိန်အာနိသင်ရ ရဟန်းတော်များမှာ ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ ရဟန်းတော်များ လွတ်လပ်စွာ သွားလာနိုင်သကဲ့သို့ ကထိန်အလှူရှင်တို့မှာ သွားလေရာရာ အနှောင့်အယှက်မရှိ အန္တရာယ်ကင်းစွာ သွားလာနိုင်ခြင်း၊

(၂) ကထိန်အာနိသင်ရ ရဟန်းတော်များမှာ တိစီဝရိတ်သင်္ကန်းနှင့် ညဉ့်ကင်းရာ၌ အာပတ်မသင့်သကဲ့သို့ ကထိန်အလှူရှင်တို့မှာ မိမိပိုင်ပစ္စည်းများနှင့် ကင်းကွာနေသော်လည်း ဇာတိက သဋ္ဌေး၏ ပစ္စည်းများအလား မိမိပိုင်ပစ္စည်းများကို ရန်သူတို့ မဖျက်ဆီးနိုင်ခြင်း၊

(၃) ကထိန်အာနိသင်ရ ရဟန်းတော်များမှာ ဘုရားရှင် တားမြစ်တော်မူသော ဂဏဘောဇဉ်ကို သုံးဆောင်ရာ၌ အာပတ် မသင့်သကဲ့သို့ ကထိန်အလှူရှင်တို့မှာလည်း စားကောင်းသောက်ဖွယ် ပေါများ၍ စန္ဒကုတ်မင်းကြီးကဲ့သို့ အစားအသောက် ဘေးဥပဒ်မဖြစ်နိုင်ခြင်း၊ အဆိပ်ခပ်သော်လည်း အဆိပ် မဖြစ်နိုင်ခြင်း၊

(၄) ကထိန်အာနိသင်ရ ရဟန်းတော်များမှာ ၁၀ ရက်ထက် လွန်အောင် အဓိဋ္ဌာန် ဝိကပ္ပနာမပြုပဲ သင်္ကန်းများကို ထားသော်လည်း အာပတ်မသင့် အပြစ်မဖြစ်သကဲ့သို့ ကထိန်အလှူရှင်တို့မှာ မိမိပိုင် ပစ္စည်းတို့ကို ကြာမြင့်စွာ မေ့လျော့နေသော်လည်း မဆုံးပါးနိုင်ခြင်း၊

(၅) ကထိန်အာနိသင်ရ ရဟန်းတော်များမှာ သံဃာ အား လှူသည့် သံဃိကသင်္ကန်းမှန်သမျှကို အစိုး တရ ရယူနိုင်သကဲ့သို့ ကထိန်အလှူရှင်တို့မှာလည်း ပစ္စည်းရှာရာတွင် သူတကာထက် ထူး၍ ထိပေါက် သကဲ့သို့ အစုလိုက် အပုံလိုက် ပစ္စည်းများကို ရရှိနိုင် ခြင်း၊

ဤသို့ဖြင့် ကထိန်သင်္ကန်း လှူဒါန်းခြင်းကား ကြီးကျယ် လှသော များမြတ်လှသော အကျိုးတရားများကို ရရှိပေ၏။

## သံဃာကိုသာ လှူဒါန်းရခြင်း

ဤကထိန်သင်္ကန်းကို အလှူရှင် ဒကာ၊ဒကာမတို့က "ကိုယ့် ဆရာတော်ကို ကိုယ်လှူဒါန်းမည်၊ ကိုယ့်ဘုန်းကြီးကို ကိုယ်လှူ ဒါန်းမည်"ဟူ၍ ပုဂ္ဂိုလ်ကို ရည်မှန်း၍ လှူဒါန်းလို့ မရပေ၊ သံဃာအများကိုသာ ရည်မှန်း၍

ဣမံ ကထိနစီဝရံ သံဃဿ ဒေမ၊

ဣမံ ကထိနစီဝရံ၊ ဤကထိန်လှူသင်္ကန်းကို သံဃဿ၊ သံဃာတော်များကြွလာသော် ... လှူဒါန်းပါကုန်၏ ဟူ၍

www.dhammaransi.com



မြွက်ဆိုပြီး သံဃာအား ရည်မှန်း၍ လှူဒါန်းရသော သင်္ကန်း ဖြစ်ပါသည်။

## မသိုးသင်္ကန်း

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဒကာ၊ ဒကာမတို့က "ဣမံ ကထိန စီဝရံ သံဃဿ ဒေမ" ဟူ၍ လှူဒါန်းပြီးသည် နှင့် တပြိုင်နက် ဤသင်္ကန်းကို ကျောင်းတိုက်တွင်း၌ နေထိုင် ကြကုန်သော ရဟန်းသံဃာတော်တို့သည် ရက်ကို မကျော်စေ ဘဲ (၀၁)ရက်ကို မသိုးစေဘဲ ထိုအလှူခံရသော နေ့၌ပင် ဆိုး ရည်ဖြင့် သင်္ကန်းကို အပြီး ဆိုးကြရသည်။ ဆိုးရည် ဆိုးပြီး နောက် သံဃာတော်တွေက ဝိုင်းဝန်းပြီး အပြီး ချုပ်လုပ်ကြရ သည်။

ရှေးခေတ်က ယခုခေတ်ကဲ့သို့ ချုပ်ပြီး လုပ်ပြီး သင်္ကန်းလှူ ဒါန်းခြင်းမျိုး မဟုတ်ပါပေ။ "ကထိန်လျာ သင်္ကန်းပါဘု ရား" ဟူ၍ အဝတ်စကို လှူဒါန်းခြင်းမျိုး ဖြစ်ရကားရဟန်း သံဃာတော်တို့က ထိုအဝတ်စကို သင်္ကန်း ဖြစ်အောင် တနေ့ တည်း အပြီး ချုပ်ကြရသည်။ ယင်းသို့ တနေ့တည်းဖြင့်အပြီး ချုပ်ရသောကြောင့် မသိုးသင်္ကန်း ဟူ၍ ခေါ်ဆိုရပေသည်။ နောက်နေ့မှ ပြီးလျှင် ကထိန်သင်္ကန်း မဟုတ်တော့ပါပေ။ သိုးသွားတော့သည်။ ကထိန်ခင်းလို့ မမြောက်တော့ပေ။

## တနေ့တည်းဖြင့် ကထိန်ခင်းရခြင်း

ဤသို့ တနေ့တည်း ဖြင့် သင်္ကန်းချုပ်ပြီးရုံဖြင့် ကထိန် သင်္ကန်း မဖြစ်သေးပါ။ ကထိန်ခင်း၍ မပြီးသေးပါ။ ထိုက

www.dhammaransi.com



သိန်လျှာ သင်္ကန်းကိုပင် ရဟန်း သံဃာတော်တို့က ချုပ်ပြီး သည်နှင့်တပြိုင်နက် သိမ်တွင်းသို့ ကြွရောက်၍ ဥတ်တကြိမ်၊ ကမ္မဝါစာကြိမ်၊ ပေါင်း (၂)ကြိမ်တို့ဖြင့် (ဉတ္တိဒုတိယကမ္မဝါစာဖြင့်) ဖတ်ကြား၍ (တနေ့တည်းတွင်) အပြီး ကထိန် ခင်းရပါသေးသည်။ ယင်းသို့ တနေ့တည်းဖြင့် ကမ္မဝါဖတ်ကြား၍ ကထိန်ခင်းရသောကြောင့် ထိုသင်္ကန်းကို မသိုးသင်္ကန်း ဟူ၍ ခေါ်ဆိုရပေသည်။ နောက်နေ့တွင် ကထိန်ခင်းခဲ့ကာမူ ကထိန် မမြောက်တော့ပေ။ သိုးသွားတော့၏။

ယနေ့ချက်ထားသော ထမင်းသည် ယနေ့ ချက်သော နေ့တွင် မသိုးသေး။ စားလို့ရသေး၏။ ထို့အတူ ယနေ့ အလှူခံရသော သင်္ကန်းသည် ယနေ့—

(က) ချုပ်လုပ်ပြီး သင်္ကန်းဖြစ်လျှင်၊
(ခ) ကထိန်ခင်းလျှင် ကထိန်သင်္ကန်း ဖြစ်၏။
(မသိုးသေး။)

နက်ဖြန်ကျမှ—

(က) ချုပ်လုပ်ပြီးလျှင်သော်ငြင်း၊
(ခ) ကထိန် ခင်းလျှင်သော်ငြင်း သိုးသွားတော့၏။

ထမင်းသိုးကို စားလို့ မရသလို ကထိန်သင်္ကန်း မဖြစ်တော့ပေ။ ကထိန်ခင်းလို့ မမြောက်တော့ပေ။ ထို့ကြောင့် "မဟာဝါပါဠိတော်" ၌ အောက်ပါအတိုင်း ဆိုခဲ့ပါသည်။

www.dhammaransi.com



(၁) န အညတြ ပဉ္စကေန ဝါ အတိရေကပဉ္စကေန ဝါ တဒဟေဝ သဉ္ဆိန္နေန န သမဏ္ဍလိကတေန အတ္ထတံ ဟောတိ ကထိနံ။

ထိုရောက်သော နေ့မှာပင်လျှင် ဖြတ်အပ်သော အိမ်ကြီး အိမ်ငယ်နှင့်တကွသော ငါးခဏ်းသက်န်းကိုရင်း၊ ငါးခဏ်းထက် အလွန် သက်န်းကိုရင်း ကြဉ်ထား၍ ကထိန်ခင်းသည် မမည်။

(၂) ပဉ္စကေန ဝါ အတိရေကပဉ္စကေန ဝါ တဒဟေဝ သဉ္ဆိန္နေန၊ သမဏ္ဍလိကတေန အတ္ထတံ ဟောတိ ကထိနံ။

ထိုရောက်သော နေ့မှာပင်လျှင် ဖြတ်အပ်သော အိမ်ကြီး အိမ်ငယ်နှင့်တကွသော ငါးခဏ်းသက်န်းဖြင့်ဖြစ်စေ၊ ငါးခဏ်း ထက်လွန်သော ခုနစ်ခဏ်း၊ ကိုးခဏ်း သက်န်း စသည်ဖြင့်ဖြစ်စေ ခင်းသော် ကထိန်ခင်းသည် မည်၏။

(၁) န သန္နိဓိကတေန အတ္ထတံ ဟောတိ ကထိနံ။

ရောက်သော နေ့မှာပင် ခင်းတင်သော ပုဂ္ဂိုလ်ကို မပေး မချုပ်၊ သိုမှီးထားသော သက်န်းဖြင့် ကထိန်ခင်းသည်မမည်။

(၂) အသန္နိဓိကတေန အတ္ထတံ ဟောတိ ကထိနံ။

ညဉ့်မလွန်သော သက်န်းဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

www.dhammaransi.com



ဤသို့ဖြင့် ကထိန်သင်္ကန်းကို မသိုးသင်္ကန်း ဟု ခေါ်ဆိုရကြောင်း မှတ်သားရပေသည်။

## ဘယ်ခေတ်က ပေါ်လာသနည်း
## ဘယ်သူ့ကို အကြောင်းပြု၍ ပေါ်လာပါသနည်း

ဤသို့ဖြင့် ကထိန်သင်္ကန်းခေါ် မသိုးသင်္ကန်းသည် ဘယ်ခေတ်က ပေါ်လာပါသနည်း။ ဘယ်သူ့ကို အကြောင်းပြု၍ ပေါ်လာပါသနည်း-ဟု စိစစ်ဖွယ် ရှိ၏။ သုတေသန ပြုဖွယ် ရှိ၏။ အဖြေကား—

(က) ဗုဒ္ဓရှင်တော်ဘုရား လက်ထက်က ပေါ်ခဲ့ပါသည်။

(ခ) ပါဝေယျက(ပြည်)သား ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ်တို့ကို အကြောင်းပြု၍ ပေါ်လာခဲ့ပါသည်။

ခွဲ၍ဆိုပါဦးအံ့၊ ထိုရဟန်း သုံးကျိပ်တို့ကား ကောသလမင်းကြီးနှင့် ဖခင်အတူ မခင်အကွဲ ညီအစ်ကို တော်စပ်သူ မင်းညီမင်းသားတို့ ဖြစ်ကြကုန်၏။

## အတိတ်သမိုင်းကြောင်း

ထိုရဟန်း သုံးကျိပ်တို့၏ အတိတ်သမိုင်းကြောင်းကား ဤသို့ ပါတည်း။

အချိန်ကား ဗုဒ္ဓရှင်တော် မြတ်ဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီ ငါး

www.dhammaransi.com



ဦးတို့အား တရားဦး ဓမ္မစကြာကို ဟောမြွက်တော်မူပြီးသော အချိန်အခါ ဖြစ်၏။

## ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ်

ဗုဒ္ဓရှင်တော် မြတ်ဘုရားကား သတ္တဝါများကို ချွတ်ချွတ်ရန် ပွင့်တော်မူလာသည့်အတိုင်း ပဉ္စဝဂ္ဂီ ငါးဦးတို့ကို တရားထူး ရစေတော်မူပြီးနောက် အဘယ်မည်သော သတ္တဝါတို့ကို ချွတ်ချွတ်ရန် သင့်ပါသနည်း-ဟု ရွှေဉာဏ်တော် ဖြန့်ချီတော်မူပြီး ကြည့်ရှုရာတွင် ကျွမ်းမည်သော ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့ကို မြင်တော်မူခဲ့၏။

ယင်းသို့ မြင်တော်မူသည့်အတွက်ကြောင့် မိဂဒါဝုန်တောမှ ပဉ္စဝဂ္ဂီ ငါးဦးတို့ထံမှ ဖဲခွါတော်မူလျက် ဥရုဝေလတောသို့ ဒေသစာရီ ကြွချီတော်မူလာ၏။ ယင်းသို့ ဥရုဝေလတောသို့ အသွား လမ်းခရီးအကြား၌ "ကပ္ပါသိက" မည်သော တောအုပ်သည် သာယာလှ၏။ ဆိတ်ငြိမ်လှ၏။ ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ်တို့၏ တရားထူး ရရာဌာနပါတည်း။

ထို့ကြောင့် မြတ်စွာဘုရားသည် အရိပ်အာဝါသနှင့် ပြည့်စုံသော သစ်ပင်ရင်း၌ ရှင်ပြုံးကြည်သာ ဘဒ္ဒဝဂ္ဂီ ညီနောင်တို့အလာကို စောင့်မျှော်လျက် ရှိ၏။ တရားထူး ဟောဘို့ရန် ငံ့လင့်တော်မူလျက် ရှိ၏။

## အပျော်ကြူးရန် လာကြခြင်း

အချိန်ကား မကြာလှပါ။ ညီနောင်သုံးကျိပ်တို့သည် အငှားမယား (၁) ယောက် အပျော်ရှာတော်ပုံ ဖွင့်ရင်း မြတ်ဘုရားထံမှောက်သို့ ရောက်ရှိလာကြကုန်၏။

ညီနောင်သုံးကျိပ်တို့ကား ကပ္ပါသိက တောအုပ်သို့ ရောက်ရှိလာခြင်းမှာ မြတ်ဘုရား ရှာ၍ မြတ်ဘုရားထံမှောက်သို့ တရားနာရန် လာရောက်ကြခြင်း မဟုတ်ပါ။ တရားနာဘို့ရန် ရည်ရွယ်ချက်လည်း မရှိကြပါ။ အပျော်ကြူးရန် လာကြခြင်း ဖြစ်ပါသည်။ ကာမဂုဏ် စည်းစိမ်ကို မြိန်မြိန်ကြီး ခံစားဘို့ရန် လာကြခြင်း ဖြစ်၏။

ထို့ကြောင့် ညီနောင် သုံးကျိပ်တို့သည် မယားကိုယ်စီဖြင့် ဆိတ်ငြိမ်လှသည့် ကပ္ပါသိက တောအုပ်သို့ ဝင်လာခြင်း ဖြစ်၏။ သို့သော်လည်း မင်းသားတယောက်မှာ ဇနီးမယား မရှိသဖြင့် ပြည့်တန်ဆာမ တဦးကို၊ အငှားမယား အဖြစ် ခေါ်ဆောင်လာခဲ့ခြင်းဖြစ်၏။

ဤသို့ဖြင့် ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့သည် အပျော်ကြူး၍ ကာမဂုဏ်ဖြင့် ယစ်မူးပြီး သောက်စားမူးမေ့နေခိုက်တွင် ထိုပြည့်တန်ဆာမသည် ဥစ္စာပစ္စည်းများကို ခိုးယူ၍ ထွက်ပြေးလေတော့၏။

## မယား ရှာတော်ပုံ ဖွင့်ခြင်း

ညီနောင်မင်းသားများသည် အငှားမယား မင်းသားအတွက် ရတတ်ပွကာ မယားပျောက် ရှာတော်ပုံ ဖွင့်ရာတွင် အထက်တွင် ဆိုခဲ့သည့်အတိုင်း မြတ်ဘုရားထံမှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ရှာတော့၏။ ဤအချိန်ကား ၎င်းတို့အတွက် ပုထုဇဉ်ဘဝမှ လွန်မြောက်၍ အရိယာနယ်သို့ ရောက်အံ့သော အချိန်အခါပါတည်း။ ထို့ကြောင့် ဘဝ ပါရမီကား

www.dhammaransi.com



နှိုးဆော်ပို့သဖြင့် မြတ်ဘုရားထံမှောက်သို့ ဆိုက်ရောက်လာခြင်း ပင်ဖြစ်၏။

## မိန်းမတယောက် ပတွေ့ဘူးလားဘုရား

သို့ရာတွင် မြတ်ဘုရားကို မြင်ကြရသော်လည်း မြတ်ဘုရားကို ဂါရဝ မပြုနိုင်ကြပါ။ ဥက္ကောင်းညွှတ်လျှိုး ရှိခိုးခြင်း မပြုနိုင်ကြပါ။ မယား (၁) ယောက်အတွက်နှင့် ရတက်ပွေကြသော ကြောင့်ပင် ဖြစ်၏။ ထို့ကြောင့် မြတ်ဘုရားကို မြင်လျှင် သူတို့က မြတ်ဘုရားအား "ဘုန်းတော်ကြီးသော မြတ်စွာဘုရား ရှင်တော်ဘုရားသည် မိန်းမတယောက်ကို တွေ့မြင်လိုက်ပါသလား" ဟု ဘုရားကိုယ်ပင် အားမနာ မယားအတွက် မေးကြတော့၏။

ဤတွင် မြတ်ဘုရားက "အသင်တို့မှာ အဘယ်ကိစ္စဖြင့် မေးမြန်းကြသနည်း" ဟု ၎င်းတို့အား မေးမြန်းတော် မူရာတွင် ၎င်းတို့ကလည်း အထက်ဖော်ပြပါအတိုင်း ဇနီးအငှားမယား တယောက် ပျောက်၍ လိုက်ရှာကြပါကြောင်း လျှောက်ထား ကြကုန်၏။

## အဘယ်ရှာနည်းက အကျိုးရှိသနည်း

ဤတွင် မြတ်ဘုရားသည် ညီနောင် သုံးကျိပ်တို့အား—

(၁) မိန်းမပျောက် ရှာခြင်းနှင့်

(၂) မိမိကိုယ်ကို ရှာခြင်း (၂)မျိုးတို့တွင် အဘယ် ရှာခြင်းက မြတ်ကြသနည်း ဟု မေးမြန်းတော်မူခဲ့၏။ ယင်းသို့

မေးမြန်းတော်မူရာတွင် ညီနောင် သုံးကျိပ်တို့ကလည်း မြတ်ဘုရားအား အဟုတ်အမှန်အတိုင်း "အရှင်ဘုရား မိမိကိုယ်ကို ရှာခြင်းက မှန်မြတ်လှပါသည်ဘုရား" ဟု လျှောက်ထားကြကုန်၏။

"ဤသို့ဖြင့် ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့ ထိုင်ကြကုန်ဦးလော့" ဟု မိန့်ကြားတော်မူလျက် ညီနောင်တို့အား "**သာမုက္ကံသိက ဓမ္မဒေသနာတော်**" ဟောကြားတော်မူရာ၊ ထိုနေရာ၌ပင် ညီနောင်သုံးကျိပ်တို့သည် ပုထုဇဉ်အဖြစ်မှ လွန်မြောက်၍ အချို့ကား သောတာပတ္တိဖိုလ်၊ အချို့ကား သကဒါဂါမိဖိုလ်၊ အချို့ကား အနာဂါမိဖိုလ်၌ တည်ကုန်၏။

## ဧဟိ ဘိက္ခု ရဟန်းဖြစ်ကြခြင်း

ထို့နောက် ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ်တို့သည် မြတ်ဘုရား ထံ၌ ရဟန်းပြုရန် ခွင့်ပန်ကြသည့်အခါ၊ မြတ်စွာဘုရားသည် ရွှေလက်တော်ကို ဆန့်တန်း၍ **ဧထ ဘိက္ခဝေါ**— ဘိက္ခဝေါ၊ ငါ၏ ချစ်သား ရဟန်းများတို့။ ဧထ၊ လာကြကုန်လော့ ဟူ၍ ခေါ်လိုက်သည်နှင့် တပြိုင်နက် ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့သည် ဣဒ္ဓိမယ ပရိက္ခရာကို အသင့်ဆောင်ပြီးသော **ဧဟိ ဘိက္ခု** ရဟန်းတို့ချည်း ဖြစ်ကြကုန်၏။

မြတ်ဘုရားနှင့် တကြိမ်သာ တွေ့ရုံဖြင့် တခါတည်း **အရိယာ** အဖြစ်သို့ ရောက်ကြသော ညီနောင် သုံးကျိပ်တို့ပင်တည်း။

နောင်အခါတွင် မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် **ဝေဠုဝန်ကျောင်းတော်၌** သီတင်းသုံး **နေထိုင်တော်မူစဉ်** **အနမ**

www.dhammaransi.com



-တဂ္ဂ တရားကို ကြားနာကြရသဖြင့် အံ့ရဟတ္တဖိုလ် ရောက်ကြရ မည့် ပုဂ္ဂိုလ်တို့ပေတည်း။

## ရဟန္တာ မဟုတ်ကြသော

ဤသို့ဖြင့် ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့ကား ရဟန္တာများ တော့ မဖြစ်ကြသေးပါ။ ထိုသို့ ရဟန္တာ မဖြစ်ကြသေးသဖြင့် တရား ဆက်လက်ကျင့်ရန်ကား ကျန်ရှိပါသေးသည်။ ထို့ ကြောင့် ညီနောင်သုံးကျိပ်တို့သည် တရားကျင့်သုံးရန် ဘော သို့ ဝင်ကာ "အရညကင် ဓုတင်" ဆောက်တည်ကြကုန်၏။

ရွာသို့ ဝင်ကာ ဆွမ်းခံခြင်း ကျင့်ဝတ်ဖြင့် ဆွမ်းဘုဉ်းပေး သုံးဆောင်ခြင်း "ပိဏ္ဍပါတိက ဓုတင်" ဆောက်တည်ကြ ကုန်၏။

မြေမှုန့်အလိမ်းလိမ်းကျံသော သုသာန်ဘစ စသည်တို့၌ လူ သေကောင်နှင့်အတူ စွန့်ပစ်အပ်သော သင်္ကန်းကို ဝတ်ရုံနေ ထိုင်ကြခြင်း "ပံ့သုကူ ဓုတင်" ဆောက်တည်ကြကုန်၏။

ထို့ပြင် (၁) သင်းပိုင်၊ (၂) ကိုယ်ရုံ၊ (၃) ဒုကုဋ် ဟူသော သင်္ကန်းသုံးထည်တို့ဖြင့် ဝတ်ရုံနေထိုင်ခြင်း ဟူသော "တိစီဝရိတ် ဓုတင်" ဆောက်တည်ကြကုန်၏။

ဤသို့ဖြင့် ဓုတင်(၄) ရပ် အကျင့်မြတ်ကို ကျင့်ဆောင်လျက် တရားဖြင့် ပျော်မွေ့လျက် ရှိကြသော ပုဂ္ဂိုလ်တို့ပါတည်း။ ထို့ကြောင့် "တိံသမတ္တာ ပါဝေယျကာ ဘိက္ခူ သဗ္ဗေ အရညကာ၊ သဗ္ဗေ ပိဏ္ဍပါတိကာ၊ သဗ္ဗေ ပံသုကူလိကာ၊ သဗ္ဗေ တေ စီဝရိကာ" ဟူ၍ ဆိုကြလေသည်။

တိံသမတ္တာ၊ သုံးကျိပ် အရေအတွက် ရှိကုန်သော။ ပါဝေယျကာ၊ ပါဝေယျကပြည်သား ဖြစ်ကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အရညကာ၊ အရညကင် ဓုတင်ဆောင်သော ပုဂ္ဂိုလ်တို့ပါတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ပိဏ္ဍပါတိကာ၊ ပိဏ္ဍပါတ် ဓုတင် ဆောက်တည်ကြသော ပုဂ္ဂိုလ်တို့ပါတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ပံသုကူလိကာ၊ ပံ့သုကူ ဓုတင် ဆောက်တည်ကြသော ပုဂ္ဂိုလ်တို့ပါတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ တေစီဝရိကာ၊ တိစီဝရိတ်ဓုတင် ဆောက်တည်ကြသောပုဂ္ဂိုလ်တို့ပါတည်း။ [မဟာဝါ ကထိနက္ခန္ဓက-၃၅၁]

## ကြည်ညိုသဒ္ဓါ ပွါးနိုင်ကြပါစေ

ရွှေလင်ပန်းဖြင့် အချင်းဆေး၍ ရွှေနန်းထက်တွင် မွေးဖွားကြသော မင်းညီမင်းသားတို့ ဖြစ်ကြစေကာမူ တောကြီးမျက်မဲ သစ်တပင်အောက်၊ ဝါးတပင်ခြေရင်းတွင် သီတင်းသုံးရင်း မင်းညီမင်းသား ဘဝတုံးက မှန်မြတ်လှသည့် အစာ အာဟာရ အဖြာဖြာတို့ကို စားသုံးလာကြသူများ ဖြစ်ကြပါလျက် ယခုအခါသော်မှ ရှိသူတို့က လှူသမျှ ထွမ်း၊ လောင်းသမျှ ဟင်းလျာတို့ဖြင့် မျှတလျက် ဟိုရှေးယခင် ဘေးသို့ မဝင်ခင်က ပိုးဖဲ ကတ္တီပါ အဖြာဖြာတို့ကို လှည့်လည်ဝတ်ကြသော ရွှေနန်းသက်ဖွား မင်းသားတို့ ဖြစ်ကြပါလျက် ယခုအခါသော်မှ မြေမှုန့်တို့ အလိမ်းလိမ်းကျံသော သင်္ကန်း (၃)ထည်ကို ဝတ်ရုံကြလျက်

www.dhammaransi.com



တရားဖြင့် ပျော်မွေ့၍ နေကြသည့် အဖြစ်ကို လှမ်းမျှော်ကြည့်ရှု ကြည်ညိုသဒ္ဒါ စေတနာပွားနိုင်ကြပါစေ။

## ဘုရားဖူးရန် သွားရောက်ကြခြင်း

ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ်တို့သည် ဓုတင်လေးရပ် အကျင့်မြတ်ကို ကျင့်ဆောင်လျက်ရှိကြစဉ် သာဝတ္ထိပြည်ရှိ မြတ်ဘုရားကို ဖူးမျှော်ရန် အသီးအသီး အလိုဆန္ဒများ ဖြစ်ပေါ်လာကြကုန်၏။ ထို့ကြောင့် ညီနောင် သုံးကျိပ်တို့သည် ဆန္ဒတခုတည်းဖြင့် ကဆုန်၊ နယုန် နွေကာလကုန်၍ မိုးသံလေသံတို့ ခြိမ့်ညံစ ပြုလာချိန်တွင် ဇာတိဌာနီ ပါဝေယျကပြည်မှ မြတ်ဘုရားကို ဖူးမျှော်ရန် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွလာကြကုန်၏။ ပါဝေယျကပြည်နှင့် သာဝတ္ထိပြည်ကား ခရီး (၁၅) ယူဇနာ၊ မိုင်အားဖြင့်(၁၅၀)မိုင်ခန့်မျှ ကွာဝေးလှ၏။ ခြေလျင်ခရီးဖြင့် ကြွချီလာကြခြင်းလည်း ဖြစ်၍ တရားအမှတ်ဖြင့် ရှုမှတ်လာခြင်းတို့လည်း ဖြစ်ရကား ခရီးမပေါက် သာဝတ္ထိပြည်သို့ မရောက်နိုင်ဘဲ ရှိကြကုန်၏။ ဝါဆိုရန် အချိန်အခါလည်း ကျရောက်နေပေပြီ။ ထို့ကြောင့် "ငါတို့တော့ မြတ်ဘုရားကို ဖူးမျှော်ခွင့် ရကြမည်မဟုတ်" ဟု သာဝတ္ထိပြည် အရောက် ခရီးမဆက်တော့ဘဲ သာဝတ္ထိပြည်အနီးရှိ သာကေတမြို့၌ ရပ်နား ဝါဆိုကြကုန်၏။ ထို့ကြောင့်—

အန္တရာမဂ္ဂေ သာကေတေ ဝဿံ ဥပဂစ္ဆိံသု၊

အန္တရာမဂ္ဂေ၊ ခရီးအကြားဖြစ်သော။ သာကေတေ၊ သာကေတမြို့၌။ ဝသံ၊ ဝါဆိုခြင်းကို။ ဥပဂစ္ဆိံသု၊ ချဉ်းကပ်ကြကုန်ပြီ ဟူ၍ ပါဠိတော်၌ လာရှိပေ၏။

## ရွှံ့နွံလိမ်းကျံသော သင်္ကန်းဖြင့်

ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့သည် သာကေတမြို့၌ မပျော်ပိုက်ဘဲ ဝါဆို၍ နေကြကုန်၏။ သီတင်းကျွတ်ဘို့ရန် အချိန်ကိုသာ မျှော်မှန်း၍ နေကြကုန်၏။ ထို့နောက် သီတင်းကျွတ်လျှင် ကျွတ်ချင်း၊ ပဝါရဏာပြုလျက် သာဝတ္ထိပြည်သို့ ခရီးထွက်ခဲ့လာကြကုန်၏။ သီတင်းကျွတ်သော်လည်း မိုးကား မကုန်သေး။ သဲကြီးမဲကြီး ရွာသွန်းဖြိုးလျက် ရှိ၍ ထိုမိုးကြောင့် ရေဆင်း ကြမ်းလျက် ရှိ၏။ ရေဆင်း ကြမ်းမှုကြောင့် ညွန်ပျောင်းများ ဖြစ်ပေါ်လျက် ရှိ၏။ ထို့ကြောင့် ခြေလျင်ခရီးဖြင့် ကြွချီတော်မူလာကုန်သော ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့၏ သင်္ကန်းတို့ဝယ် ရွှံ့နွံတို့ဖြင့် ပေကျံလျက် ရှိကြကုန်၏။ တိစီဝရိတ်ဓုတင်ဆောင်သော ရဟန်းတို့ ဖြစ်ရကား သင်္ကန်း ဖလှယ်ဝတ်ဘို့ရန်လည်း မရှိကြကုန်။ ထို့ကြောင့် ထိုရွှံ့နွံတို့ဖြင့် ပေကျံလျက်ရှိသော သင်္ကန်းတို့ဖြင့် ဘုရားထံ ချဉ်းကပ်ကြကုန်၏။

## ကျန်းမာကြပါကုန်၏လော

မြတ်ဘုရားသည် ရင်းထံမှောက်သို့ ရောက်ရှိလာကြကုန်သော ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ်တို့အား "ချစ်သားတို့ ... ကျန်းမာကြကုန်၏လော၊ မျှတကြကုန်၏လော၊ ချမ်းသာစွာ

www.dhammaransi.com



ဝါကပ်ခဲ့ကြရကုန်၏လော” ဟု ပဋိသန္ထာရ ကထာဖြင့် မေးမြန်းတော်မူ၏။

ထိုအခါ ညီနောင်သုံးကျိပ်တို့က “မှန်လှပါဘုရား၊ ဘုန်းတော်ကြောင့် ကျန်းမာကြပါကုန်၏၊ မျှတကျပါကုန်၏၊ ချမ်းသာစွာ ဝါကပ်ခဲ့ကြပါကုန်၏၊ သို့ရာတွင် လမ်းခရီးအကြား၌ မိုးကြီး သီးထန်စွာ ရွာသွန်းမှုကြောင့် ရေ့ဆောင်းကြမ်းလျက် ရေညွန်ပျောင်းတိုင်ယ် ဖြတ်သန်း၍ လာရပါသဖြင့် သက်န်းတိုင်ယ် ရွှံ့နွံတို့ဖြင့် ပေကျံစွာ လာရခဲ့ကြရပါသည်ဘုရား”ဟု အညီအညွတ် လျှောက်ထားကြသော်၊

မြတ်စွာဘုရားသည် ထိုဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့အား မဟာကရုဏာတော်ဖြင့် သနားရကား၊ “ချစ်သားရဟန်းများ တို့ ဝါကျွတ်သော ရဟန်းတို့အား ကထိန်ခင်းခြင်း ခွင့်ပြုတော်မူ၏”ဟု မိန့်တော်မူ၏။

## ကထိန်အကျိုး

ကထိန်ခင်းပြီးသော ရဟန်းတို့အား

(၁) ထင်ရှားရှိသော ရဟန်းကို မပြန်ကြားဘဲ၊ ဒါယကာအိမ်သို့ သွားနိုင်ခြင်း၊

(၂) တိစီဝရိတ် အဓိဋ္ဌာန်တင်သော သက်န်းကို မယူဘဲ သွားနိုင်ခြင်း၊

(၃) ဂဏဘောဇဉ်ကို စားနိုင်ခြင်း၊

(၄) အလိုရှိတိုင်း အဓိဋ္ဌာန် ဝိကပ္ပနာ မပြုသော သက်န်းကို ဆောင်နိုင်ခြင်း၊

www.dhammaransi.com



(၅) ထိုကထိန်ခင်းသော ကျောင်း၌ သင်္ကန်းဖြစ်ပေါ် လာသမျှ သင်္ကန်းသည်လည်းကောင်း ကထိန်ခင်းသော ရဟန်းတို့အား ဖြစ်ခြင်း - ဟူသော ကျိုးငါးပါးသော အာနိသင်တို့ကို ရကုန်၏ ဟုမိန့်တော်မူ၏။

ဤသို့လျှင် ကထိန်သင်္ကန်းခေါ် မသိုးသင်္ကန်းအား ဆိုခဲ့ပြီးသော ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့အား အကြောင်းပြု၍ မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ကြောင်း ဖော်ပြရပေသတည်း။

## အတုယူစရာ နမူနာ

ဤသို့ဖြင့် ကထိန်သင်္ကန်း ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို သိရသဖြင့် ကထိန်သင်္ကန်းသည်ပင် မသိုးသင်္ကန်း၊ မသိုးသင်္ကန်းသည်ပင် ကထိန်သင်္ကန်း ဖြစ်ရကြောင်း ထင်ရှားခဲ့ပေပြီ။ ထိုကထိန်သင်္ကန်းခေါ် မသိုးသင်္ကန်းကိုကား ရှေးမြန်မာဘုရင်တို့ ကိုယ်တိုင်ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် နေထိုင်စဉ်အခါ ဘုရင်မင်းမြတ်တို့ ကိုယ်တော်တိုင်ပင် အဂ္ဂမဟေသီ ဒေဝီခေါင်ဖျား မှူးမတ်များ ခြံရံ၍ လှူဒါန်းခဲ့ကြောင်းကို သမိုင်းအထွေထွေ ရာဇဝင်အစောင်စောင်တို့မှာ ထောက်ပြောင်စွာ ပေါ်လွင်ခဲ့လေပြီ၊ ဤဘွင် မသိုးသင်္ကန်း ယက်ပုံအကြောင်းနှင့်ကား မြစ်ဖျားခံရာကို ရှာဖွေသုတေသန ပြုကြရာ၌ မြတ်ဘုရား၏ မယ်တော် မိဖုရားတော်ဂေါတမီကိုပင် သာဓကတင်ကာ ထုတ်ဖော်ခဲ့ကြပါသည်။

www.dhammaransi.com



## ပိဋကတ်တွင် မလာ

မိထွေးတော်ဂေါတမီ၏ သင်္ကန်းသည် ကထိန်သင်္ကန်းခေါ် မသိုးသင်္ကန်းကား မဟုတ်ခဲ့၊ ထို့ပြင် မိထွေးတော်ဂေါတမီ၏ သင်္ကန်း ယက် ခြင်း သည် လည်း တနေ့ တည်း ဖြင့် အပြီးယက်ကြောင်း ပိဋကတ်စာပေတို့တွင် မလာရှိပေ၊ ထို့ပြင် ထိုသင်္ကန်းကို ယက်လုပ်ပြီးနောက် မိထွေးတော်ဂေါတမီသည် ပြီးလျှင်ပြီး ခြင်းမလှူဒါန်းသေးပါ၊ နောက်တကြိမ် မြတ်စွာဘုရား ကပိလဝတ်နေပြည်တော်သို့ ရောက်ရှိလာသည့် အချိန်တွင်မှ ထိုသင်္ကန်းကို လှူဒါန်းခြင်း ဖြစ်ပါသည်။ အကြောင်းသော်ကား မိထွေးတော် ဂေါတမီ၏ သင်္ကန်းကို အလှူခံဘို့ရန် မိထွေးတော် ဂေါတမီဘက်မှ ရပ်တည်လျက် ရှင်အာနန္ဒာထေရ်မြတ် လျှောက်ထားသောကြောင့် ဖြစ်ပေသည်။

ပဌမအကြိမ် ကပိလဝတ် နေပြည်တော်သို့ သုဒ္ဓေါဒနမင်းကြီး၏ ပင့်လျှောက်ချက်အရ၊ နေပြည်တော်သို့ ကြွရောက်ချိန်၌ ညီတော်အာနန္ဒာသည် ရဟန်းအဖြစ်သို့ မရောက်သေးသောကြောင့်ပင်တည်း။

ယင်းသို့ဖြင့် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မိထွေးတော်ဂေါတမီ၏ သင်္ကန်းသည် တနေ့တည်းအပြီး ယက်လုပ်ခြင်း မဟုတ်ခြင်းကြောင့် မသိုးသင်္ကန်း မခေါ်ဆိုနိုင်သော်လည်း ၎င်း၏ သင်္ကန်းယက်လုပ်ပုံ ယက်လုပ်နည်းကိုကား အတုယူစရာ၊ နမူနာဖြစ်ပေ၏။

www.dhammaransi.com



## သမိုင်းဝင် အတုယူစရာ

မှန်လှ၏၊ မြတ်ဘုရား၏ မိဒွေးတော် သုဒ္ဓေါဒနေ ဘုရင်မင်း မြတ်၏ အဂ္ဂမဟေသီ ဒေဝီခေါင်ဖျားကြီး ဖြစ်ပါလျက်၊ ထိုမျှ သာမန်လူတို့ပြုလုပ်ကြသော ဝါကျိတ်၊ ဝါဖတ်၊ ဝါချည်ငင်ခြင်း ကိစ္စကို သားတော် ဘုရားအပေါ်၌ ကြီးမားလှသည့် သဒ္ဓါ ထက်သန်လှသည့် စေတနာ အရှိန်ဟုန်တို့ကြောင့် ကိုယ်တိုင် ပြုလုပ်ခဲ့ခြင်းကို အသို့လျှင် စာဖြင့် သမိုင်းမဝင်နိုင်ပဲ၊ ရှိပါအံ့နည်း၊ ပိဋကစာပေတွင် သင်္ဂါယနာ သေရီအရှင်မြတ်တို့ က မှတ်တမ်းတင်ကာ ဂုဏ်ပြုတော်မူခဲ့ကြပြီး သမိုင်းဆရာတို့ ကလည်း သမိုင်းမှာ ထွန်းပြောင်စေခဲ့သည်မှာ ယခုခေတ်သို့ ပင် တိုင်ခဲ့ပါပြီ။ ထိုသို့ ထွန်းပြောင်ခဲ့သော မိဒွေးတော်ဂေါ တမီ၏ ဆောင်ရွက်ချက်ကို ဤတွင် မဖော်ပြလျှင် မပြည့်စုံပဲ ရှိ၍ ဖော်ပြရန် အကြောင်း ဆိုက်လာပါပြီ။

ဆိုရေးရှိက၊ ဆိုအပ်လှ၏၊ ဆိုပလျားလျား၊ ထားပခြေမိ၊ ငါဝန်ရှိခဲ့၊ ဆိုသည့်အတိုင်း မိဒွေးတော်ဂေါတမီ၏ အကြောင်း ကို ဆိုချပါတော့မည်။

## မိဒွေးတော် ကျေးဇူး

အကျွန်ုပ်တို့ မြတ်ဘုရား၏ မိဒွေးတော်ကား မြတ်ဘုရား အပေါ်၌ အလွန်ပင် ချစ်မြတ်နိုးတော်မူလျက်၊ သဒ္ဓါအား ထက်သန်တော်မူလှ၏။ စေတနာမောင်းကား ကောင်းလှ၏၊ အဘယ်မျှ ချစ်မြတ်နိုး၍ သဒ္ဓါအားထက်သန် စေတနာသန်ခဲ့

www.dhammaransi.com



သည်ကိုကား၊ သားတော်ရှင်း နန္ဒမင်းသားကို အိမ်ထိန်းတော်တို့အား အပ်နှံ၍ မြတ်ဘုရားလောင်းကိုမူကား ကိုယ်တိုင်ပင်နို့ချိုတိုက်ကျွေး၊ မွေးမြူခဲ့၏၊ သားတော်ရှင်း နန္ဒမင်းသားသည် မိထွေးတော်ဂေါတမီ၏ နို့ကို ဝအောင်မစို့ခဲ့ရရှာပေ၊ မြတ်ဘုရားသာ အားရပါးရစို့ခဲ့လေသည်၊ ဤမျှသောအရွယ်ကပြီး မြတ်ဘုရားအား ပြုစုခဲ့သည်မှာ သက်တော်(၂၉) နှစ် ကြာညောင်းသည်တိုင်အောင် ခံတွယ်ဘောဇဉ်ချိုချဉ်အဖြာဖြာ၊ အဝတ်ကနုဆားတို့ဖြင့် တာဝတယ်စေခဲ့သည်မှာ မြတ်ဘုရားအတွက် လိုအပ်ချက် မရှိသည်တိုင်အောင်ပင်ဖြစ်ခဲ့ပါသည်။ ယုတ်စွအဆုံး ငှက်ပျောသီးအလေးလကိုပင်အခွံခွါ၍ ကျွေးမွေးပြုစုခဲ့ပါသည်။ ထိုကြောင့် အန္တိမဘာဝ မောစဖလေတ္တမ္ဟိ မယာ ဒိန္နကမေဝ ဟောတိဟု ဆိုလေ၏။

## နှလုံးကြေကွဲ အသဲကျွမ်းမျှ

မြတ်စွာဘုရားသည် သက်တော် (၂၉) နှစ် အရွယ်တွင် တောထွက်၍ လာခဲ့သဖြင့် ထီးရိပ်နန်းရိပ်နှင့် ဝေးကွာပြီး ဥရုဝေလတောတွင် ဒုက္ကရစရိယ အကျင့်တော်မြတ်ကို ကျင့်တော်မူလျက်ရှိကြောင်း၊ ဘခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် မိထွေးတော် ဂေါတမီထံမှောက်သို့ သတင်းစကား ရောက်သည့်အခါတွင်မူ နှလုံးကြေကွဲ အသဲကျွမ်းမျှ ဖြစ်ခဲ့ရ၏။ သားတော်အား မျှော်မှန်း၍ တမ်းတခဲ့ကြသည်မှာလည်း၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် မိထွေးတော်ဂေါတမီတို့ပင်၊ ဘုရားဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းကြသည်

www.dhammaransi.com



မှာလည်း ခမည်းတော်နှင့် မိထွေးတော်တို့ပင်၊ ထို့ကြောင့် ဘုရားဖြစ်တော်မူသည့်အကြောင်း ကြားသိရသည့်အခါ မြတ်ဘုရားကို ဖူးမျှော်ချင်လှ၍၊ ယင်းသို့ဖူးချင်လှသဖြင့် တမန်ပေါင်းထောင်သောင်းချီ၍ ပင့်ဆောင်ခဲ့၏။ ယင်းသို့ပင့်ဆောင်ခဲ့သော်လည်း ကြွချီမလာခဲ့၊ နောက်ဆုံး ဖွားဘက်တော်ကာလုဒါယီကို စေလွှတ်ပင့်ဆောင်မှသာ ကြွချီတော်မူလာ၏။ ဖွားဘက်တော် ကာလုဒါယီသည် မြတ်ဘုရားအား ခြောက်ဆယ်သော ဂါထာဗန္ဓတို့ဖြင့် ကဗျာဖွဲ့သီ ပင့်လျှောက်ညီသည့်အခါတွင်မှသာ ကပိလဝတ်နန်းသို့ ခြေစကျ်တော်ဖြန့်ချီ ကြွရောက်တော်မူလာသော မြတ်ဘုရား၏ အတုမရှိ၊ "ရူပသောဘဂ္ဂ" ရူပကာယ၏ တင့်တယ် ကောင်းမြတ်တော်မူသည့် ဗုဒ္ဓအသရေတော်ကို ဖူးမျှော်ရသည့် မိထွေးတော်မှာ ဖူးလို့မဝနိုင်အောင် ဖြစ်ခဲ့တော့၏။ ကြည်ညိုလို့မဆုံးနိုင်အောင် ဖြစ်ခဲ့၏၊ မြတ်ဘုရားအပေါ် ကြည်ညိုခြင်းမှ ဖြစ်ပွားခဲ့ရသည့် ပီတိသောမနဿတို့သည် လျှံဖြာ၍ကျခဲ့လေပြီ။ ဗသဝ သဒ္ဒါ၊ ဗသဝ စေတနာတို့မှ ပေါက်ဖွားသည့် ဗသဝ သောမနဿ ဟူ၍ပင် ပိဋကတ်တော်တွင် ဖော်ကျူးထားရှိပေသည်။

## မိထွေးတော်၏ အကြံ

ထိုဗသဝ သောမနဿကြောင့် မိထွေးတော် ဂေါတမီသည် မြတ်ဘုရားအား သင်္ကန်းလှူဘို့ရန် အကြံအစည် ဖြစ်ခဲ့၏။

ယင်းသို့ ဖြစ်ခဲ့ရာ၌ သာမန် ကြံစည်ခဲ့ခြင်းမျိုး မဟုတ်ပေ။ ထူးဆန်းအံ့သြဘွယ်ရာပင် ဖြစ်၏။ ကြံစည်ပုံကား ဤသို့ဖြစ်ပုံဟာ

www.dhammaransi.com



ပြည်တွင် အဘိုးအနဂ္ဃ ထိုက်တန်သော အဝတ်တို့ကား ရှိပေကုန်၏။ ထိုအဘိုးအနဂ္ဃ ထိုက်တန်ကုန်သော ထိုအဝတ်တို့သည် ငါ့ကို မနှစ်သက်စေနိုင်ကုန်။ ထို့ကြောင့် ငါကိုယ်တိုင် စီမံခန့်ခွဲ ယက်လုပ်သော အဝတ်တို့ဖြင့်သာလျှင် မြတ်ဘုရားကို လှူဒါန်းအံ့ဟု အကြံအစည် ဖြစ်ခဲ့လေပြီ။ ထို့ကြောင့်−

ဣမသ္မိံ ခေါ ပန ရာဇဂဟေ ဗဟူနိ မဟာဂ္ဃာနိ ဝတ္ထာနိ အတ္ထိ တာနိ မံ န တောသေန္တိ၊ သဟတ္ထာ ကတမေဝ မံ တောသေတိ၊ သဟတ္ထာ ကတွာ၊ ဒဿာမိတိ စိတ္တံ ဥပ္ပါဒေသိ ဟု ဆိုကြလေပြီ။ (ဥပရိပဏ္ဏာသ ဒက္ခိဏာ ဝိဘင်္ဂသုတ္တဝဏ္ဏနာ−၂၁၉)

ဣမသ္မိံ ခေါ ပန ရာဇဂဟေ၊ ဤရာဇဂြိုဟ်ပြည်၌။ မဟဂ္ဃာနိ၊ အဘိုးအနဂ္ဃ ထိုက်တန်လှကုန်သော။ ဝတ္ထာနိ၊ အဝတ်တို့သည်။ အတ္ထိ·သန္တိ၊ ရှိကြပါကုန်၏။ တာနိ၊ ထိုရှိကြကုန်သော အဝတ်တို့သည်။ မံ၊ ငါ မိထွေးတော် ဂေါတမီကို။ န တောသေန္တိ။ နှစ်သက်ခြင်းကို မဖြစ်စေနိုင်ပါကုန်။ သဟတ္ထာ၊ မိမိလက်ဖြင့်။ ကတမေဝ၊ ပြုစီရင်မှသာလျှင်။ မံ၊ ငါ့ကို။ တောသေတိ၊ နှစ်သက်စေဘိ၏။ သဟတ္ထာ၊ မိမိလက်ဖြင့်။ ကတွာ၊ စီမံခန့်ခွဲ ပြုလုပ်၍။ ဒဿာမိ၊ ပေးလှူတော့အံ့။ ဣတိ၊ ဤသို့။ စိတ္တံ၊ စိတ်အကြံအစည်သည်။ ဥပ္ပါဒေသိ၊ ဖြစ်ပေါ်စေခဲ့လေပြီ။

www.dhammaransi.com



## သက်နိုးယက်ခြင်း

ထို့နောက် မိဒွေးတော် ဂေါတမီသည် အကြံအစည် ဖြစ်ခဲ့သည့်အတိုင်း ဈေးမှ ဝါကို ဆောင်ယူခဲ့၏။ ထို့နောက် ဆောင်ယူခဲ့သောဝါကို ကိုယ်တိုင်ကျိတ်ခဲ့၏၊ ထို့နောက် ကျိတ်ပြီးသောဝါကို ဖတ်ခဲ့၏။ ထို့နောက် သိမ်မွေ့လှစွာသောချည်ကို ငင်ခဲ့၏။ ထို့နောက် ရွှေနန်းတော်အတွင်း၌ပင် ယက္ကန်းရုံကြီးကို ဆောက်လုပ်စေခဲ့ပြီး၊ ယက္ကန်းသည်တို့အား ခေါ်ဆောင်ပြီး ယက်လုပ်စေခဲ့၏။ ယက္ကန်းသည်တို့အား သုံးဆောင်စရာ ခဲဘွယ် ဘောဇဉ်တို့ကို ကျွေးမွေးပြုစုပြီး ယက်စေခဲ့၏။ မိမိကိုယ်တိုင်ကမူ အခါအခွင့်သင့်တိုင်း အတိန်းတော်များခြံရံသျက် ယက္ကန်းရုံသို့ သွားရောက်ပြီး၊ ယက်သွားစွန်းကို ကိုင်ဆောင် ယက်လုပ်ခဲ့လေ၏။

ထို့ကြောင့်-

အထန္တရပဏ္ဏာ ကပ္ပါသံ အာဟာရာပေတွာ သဟတ္ထေနေဝ ပိသိတွာ ပေါသေတွာ သုခုမသုတ္တံ ကန္တိတွာ အန္တေဝတ္ထုသို့ ယော သာလံ ကာရာပေတွာ သိပ္ပိကေ ပက္ကောသာပေတွာ သိပ္ပိကာနံ အတ္တနော ပရိဘောဂ ခါဒနိယ ဘောဇနိယမေဝ ဒတွာ ဝါယာပေသိ ကာလာနု ကာလဥ္စ ဓါတိဂဏ ပရိဝုတာ ဂန္တွာ ဝေမကောဋိံ အဂ္ဂဟေသိ ဆိုအပ်လေပြီ။

အသ၊ ထိုသို့ မိဒွေးတော်ဂေါတမီ၏ သက်နိုးလှူဘို့ရန် အကြံအစည်ဖြစ်သောအခါ၌။ အန္တရာပဏ္ဏာ' ဈေးသို့သွားရောက်

www.dhammaransi.com



၍။ ကပ္ပါသံ၊ ဝါချည်ကို၊ အာဟရာပေတွာ၊ ဆောင်ယူစေ၍။ သဟတ္ထေနေဝ၊ မိမိလက်ဖြင့်သာလျှင်။ ပိသိတွာ၊ ထု၍။ ပေါသေတွာ ပုတ်ခတ်၍။ သုခုမသုတ္တံ၊ သိမ်မွေ့နူးညံ့သောချည်ကို။ ကန္တိတွာ၊ ဖိုင်းငင်၍။ အနန္တာ ကတ္တု သို့ ယေဝ၊ ရွှေနန်းတော်အတွင်းသာလျှင်၊ သာလံ၊ ယက္ကန်းရုံကို၊ ကာရာပေတွာ၊ ပြုစေ၍။ သိပ္ပိကေ၊ ယက္ကန်းသည်တို့ ကို ပက္ကောသာပေတွာ၊ ခေါ်စေ၍၊ သိပ္ပိကာနံ၊ ယက္ကန်းသည်တို့အား။ အတ္တနော၊ မိမိ၏၊ ပရိဘောဂ ခါဒနီယ ဘောဇနီယမေဝ၊ အသုံးအဆောင် ခဲဘွယ် ဘောဇဉ်တို့ကို။ ဒတွာ၊ ပေး၍။ ဝါယာပေသိ၊ ယက်စေ၏။ ကာလေ နုကာလေ၊ အခါအခွင့်သင့်တိုင်းလည်း။ ဓါတိဂဏပရိဝုတာ၊ ထိန်းတော်များခြံရံလျက်။ ဂန္တွာ၊ ယက္ကန်းရုံသို့သွား၍။ ဝေမကောဋိံ၊ ယက်သွားစွန်းကို။ အဂ္ဂဟေသိ၊ ကိုင်ဆောင် ယက်လုပ်တော်မူ၏။

## ဘုရားကျောင်းတော်သို့ သွားရောက်ခြင်း

ဤသို့ဖြင့် မိခင်တော် ဂေါတမီသည် စိတ်တိုင်းကျ မြတ်စွာဘုရား အတွက် သင်္ကန်းကို ယက်လုပ် ပြီးစီး သည့်အခါ သုဒ္ဓေါဒနမင်းကြီးထံသို့ သံတော်ဦးတင်လျှောက်ပြီး သားတော် မြတ်ဘုရားထံ သင်္ကန်းလှူတို့ရန် ခွင့်ပန်ခဲ့၏။ သုဒ္ဓေါဒနမင်းကြီးသည်လည်း မိခင်တော်ဂေါတမီ၏ သားတော်ဘုရားထံ သွားရောက်ရေးအတွက် စီစဉ်တော်မူခဲ့၏။ လမ်းခရီးကို ရှင်းလင်းစေခဲ့၏။ ခရီးလမ်းခြား ဘေးပြည့်အိုးများကို ထားခဲ့၏။ တံခွန် ကုက္ကားများကို ရွှေနန်းတော်ကြီးမှ နိဂြောဓာရုံ ကျောင်း

www.dhammaransi.com



တော်ကြီးသို့အရောက် စိုက်ခဲ့၏။ ပန်းတို့ဖြင့် ကြဲဖြန့်၍ ထား၏။ ထို့နောက်မိထွေးတော်ဂေါတမီသည်ယက်လုပ်ပြီးသော သက်နိုး အစုံကို ဥက္ကောင်းထက်တွင်တင်လျက် မြတ်ဘုရားထံသို့ သွား ရောက်ခဲ့၏။

## ဘုရားအား လျှောက်ထားခြင်း

မြတ်ဘုရားထံမှောက်သို့ ရောက်ရှိသည့်အခါ လက်အုပ်ချီမိုး ရှိခိုးလျက် သားတော်အရှင်မြတ်ဘုရား၊ အရှင်ဘုရား၏ မိထွေး တော်ဖြစ်သော တပည့်တော်မသည် နန်းတော် ဘဏ္ဍာတိုက်မှ ထုတ်နှုတ်၍ ရဟန်းတရာ ရဟန်းတထောင် ရဟန်းတသောင်း အားပင်လျှင် သက်နိုးတော်အစုံတို့ကို လှူဒါန်းရန် စွမ်းဆောင် နိုင်ပါ၏ဘုရား။

သို့ရာတွင် ယခုအခါသော်မူ သားတော် မြတ်ဘုရားအား ရည်မှန်း၍ ဤသက်နိုးအစုံကို ကိုယ်တိုင်ပင် ယက်လုပ်ခဲ့ပါ၏ ဘုရား။ ထို့ကြောင့် ထိုသက်နိုးအစုံကို ခံယူတော်မူပါဘုရား ဟု လျှောက်ထား၏။ မြတ်စွာဘုရားသည် မိထွေးတော်၏ သက်နိုးကို အလှူမခံဘဲ ပစ်ပယ်တော်မူ၏။ မိထွေးတော်သည်း မလျှော့ဘဲ သုံးကြိမ်တိုင်တိုင် တင်လျှောက်၏။ မြတ်ဘုရား လည်း အလှူမခံဘဲ သုံးကြိမ်တိုင်တိုင် ပစ်ပယ်တော်မူ၏။

## အရှင်အာနန္ဒာ ကူ၍ လျှောက်ထားခြင်း

ထိုအချိန်တွင် မြတ်ဘုရားအနီးအပါး၌ ညီတော် အာနန္ဒာ သည် ရှိ၍နေပေ၏။ မိထွေးတော်၏ တင်လျှောက်ခြင်းကိုရင်း၊

www.dhammaransi.com



မြတ်ဘုရား၏ ပစ်ပယ်တော်မူခြင်းကိုရင်း၊ ညီတော် အာနန္ဒာသည် ကြားလျက်ရှိ၏။ ယင်းသို့ရကား ညီတော်အာနန္ဒာသည် မိထွေးတော်အား သနားကရုဏာ ဖြစ်လျက်ရှိ၏။

မိထွေးတော်၏ အကြောင်းကိုလည်း ပြန်ပြောင်းအောင်းမေ့လျက်ရှိ၏၊ အော်...မိထွေးတော်ကား မြတ်ဘုရားအပေါ်၌ အလွန်ပင် ချစ်မြတ်နိုးလှ၏၊ သားတော်အရင်း ဖြစ်သူ နန္ဒမင်းသားကို ပစ်ပယ်၍ အမတော်မှ မွေးဖွားသည့် တူရင်းဖြစ်သည့် မြတ်ဘုရားကို ငယ်စဉ်ကပင် ချစ်သဒ္ဒါ ပိုခဲ့၏။

သားတော်ရင်း နန္ဒမင်းသားကို အထိန်းတော်တို့အား ပေးအပ်လျက် နို့ချိုတိုက်ကျွေး မွေးမြူစေခဲ့၏။ အထိန်းတော်တို့လက်တွင် ကြီးပြင်းစေခဲ့၏။

မြတ်ဘုရားကိုသော်မူ ရွှေရင်တော်မှ ဖြစ်သည့် နို့ရည်ကို ကိုယ်တိုင် တိုက်ကျွေးခဲ့၏၊ တယုတယ မွေးမြူခဲ့၏၊ စားလျှင်လည်း သူ့လက်ဖြင့် ကျွေးမွေးခဲ့၏။ ဝတ်လျှင်လည်း သူ့လက်ဖြင့် ဝတ်ဆင်ခဲ့၏၊ မျက်စိအောက်က အပျောက်မခံ၊ တကောက်ကောက် စောင့်ရှောက်ခဲ့သည်။ ဤသို့ဖြင့် မြတ်ဘုရားအား သူ၏ လက်တွင်ပင် ကြီးပြင်းလာခဲ့သူ ဖြစ်ပါလျက် ယခုအခါသော်မူ မွေးကျေးဇူးကိုမှမထောက်၊ တောက်တောက်ခါခါ ပစ်ပယ်တော်မူချေ၏တကား။

မွေးကျေးဇူးကို ပစ်ပယ်လျှင်လည်း ထားဘိဦး၊ အချိန်တွေကြာညောင်းခဲ့ပြီမို့ မေ့ပျောက်၍ နေပေပြီကောဆိုလျှင် ဖြစ်နိုင်ပါသေး၏။

www.dhammaransi.com



ယခုအခါသော်မူ သူ၏ လောလောဆယ် ပင်ပင်ပန်းပန်း ဆောင်ရွက်ချက်ကို ထောက်လျှင် ဝမ်းမြောက်စွာပင် လက်ခံထင့်သည် မဟုတ်ပါလော။

မိဒွေးတော်က သူကိုယ်တိုင် ဈေးမှ ဝါကို ဝယ်ခဲ့ပါ၏ ဘုရား။ ထိုဝါကို ကိုယ်တိုင်ပင် ပင်ပင်ပန်းပန်း ကြိတ်ရပါသည် ဘုရား။ ကြိတ်ပြီးနောက်လည်း မပြီးသေးပါဘုရား။ ချည်အဖြစ်ရောက်အောင် ပို့ဆောင် လုပ်ရပါသေးသည်ဘုရား စသည်ဖြင့် နှုတ်က ဖွတ်တွတ်တွတ်ဖြင့် သက်နိုးကို ပင်ပန်းစွာ ရက်လုပ်ရပုံအကြောင်းကို မိဒွေးတော်သည် ပြန်ပြောင်းပြီး အလှူခံလာနိုင်အောင် အကြိမ်ကြိမ်လျှောက်ထားပါလျက် ပြင်းပြင်းထန်ထန် ငြင်းပယ်ခြင်းကိုကား မြတ်ဘုရားသည် ဘာမျှအားနာခြင်း မရှိပါတကားဟု ညီတော်အာနန္ဒာသည် ပုထုဇဉ်တို့သဘာဝအတိုင်း မြတ်ဘုရားအပေါ် နှစ်သက်ခြင်းမှ ကင်းလျက် မြတ်ဘုရား၏ ရက်ရက်စက်စက် ငြင်းပယ်ခြင်းကို လျစ်လျူရှု၍ မထားနိုင်အောင် ဖြစ်ခဲ့၏။

ဝမ်းထဲတွင် မြိုသိပ်၍ မထားနိုင်အောင် ရှိခဲ့၏။ ထို့ကြောင့် လက်စုံမို၍ ရှိခိုးလျက်—

ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မိဒွေးတော်သည် အရှင်ဘုရားအတွက် အလွန်ပင် ကျေးဇူးများလှပါ၏ ဘုရား။ မြတ်ဘုရားအား မွေးဖွားပြီးနောက် အရှင်ဘုရား၏ မယ်တော်သည် နတ်ရွာစံ ကံတော်ကုန်ခဲ့ရာတွင် မိဒွေးတော်သည် သား:

www.dhammaransi.com



တော်ရင်း နန္ဒမင်းသားကို အထိန်းတော်များလက်သို့ ပေးအပ်လျက် အရှင်ဘုရားကို နို့ချို တိုက်ကျွေးတော်မူခဲ့ပါ၏ဘုရား။ အရှင်ဘုရား သက်တော် ၂၉ နှစ်အရွယ်တော် ရောက်သည်သို့ တိုင်အောင်ပင် မိထွေးတော်သည် ပြုစုလုပ်ကျွေးခဲ့ရသဖြင့် အလွန်ပင် ကျေးဇူးများပါ၏ဘုရား။

ထိုနည်းတူစွာ အရှင်ဘုရားသည်လည်း မိထွေးတော်အား သရဏဂုံ တည်စေခဲ့ပါ၏ဘုရား၊ သီလကိုလည်း စောင့်သုံးစေခဲ့ပါ၏ဘုရား၊ သစ္စာလေးပါး မြတ်တရားကိုလည်း သိစေတော်မူခဲ့ပါ၏ဘုရား၊ ထို့ကြောင့် အရှင်ဘုရားသည်လည်း မိထွေးတော်အား ကျေးဇူးကြီးမားလှပါ၏ဘုရား။

## အပြန်အလှန် ကျေးဇူးများခြင်း

ယင်းသို့ အပြန်အလှန် ကျေးဇူး ကြီးမားတော်မူခြင်းကြောင့် မိထွေးတော်၏ သက်န်းကို အလှူခံတော်မူပါမည့်အကြောင်း တင်လျှောက်သော်မှ မြတ်ဘုရားသည် ဤသို့ ဖြစ်ခဲ့လျှင် "မိထွေးတော်ဂေါတမီ ဤသက်န်း အစုံတို့ကို သံဃာအား လှူဒါန်းပါလော့၊ သံဃာအား လှူဒါန်းခြင်းသည် အကျိုးကျေးဇူး ကြီးမားလှ၏" ဟု ညွှန်ကြားတော်မူ၏။

ဤတွင် မြတ်ဘုရားသည် သံဃာအား လှူဒါန်းဖို့ရန် ညွှန်ကြားတော်မူခြင်းမှာ—

www.dhammaransi.com



(၁) မြတ်ဘုရားအား ရည်မှန်း၍ စေတနာသုံးတန်၊ သံဃာတော်အား ရည်မှန်း၍ စေတနာသုံးတန်၊ ပေါင်းစေတနာ (၆) တန်၊ မိဒ္ဒွးတော်အား ဖြစ်စေလိုခြင်း၊

(၂) သံဃာအား လှူဒါန်းခြင်းသည် ငါဘုရားကို ပူဇော်ရာကျသည့်အပြင် သံဃာကိုသည်း ပူဇော်ရာကျသည်မည်သဖြင့် မိဒ္ဒွးတော်အား ကျေးဇူးများစေလိုခြင်း၊

(၃) ငါဘုရားကား ကြာမြင့်စွာ တည်ရှိမည် မဟုတ်၊ ငါဘုရား၏ သာသနာတော်သည်ကား သံဃာ၌ တည်ရစ်လတ္တံ့၊ နောင်လာနောက်သား လူအများတို့သည် သံဃာ၌ ရိုသေသမှု ဖြစ်စေပြီး ပစ္စည်းလေးပါးတို့ကို လှူဒါန်းစေလိုခြင်း၊

အဲကြောင်း ၃ ချက်တို့ကြောင့် သံဃာအား လှူဒါန်းတို့ရန် ညွှန်ကြားတော်မူခြင်း ဖြစ်ပေသည်။ ထို့ကြောင့် အဋ္ဌကထာ၌ ဤသို့ ဆိုခဲ့လေသည်။

(၁) ဇေ့ ကိုးသာ အဓောာသိ "ဣမိဿာ မံ အာရဗ္ဘ ပုဗ္ဗစေတနာ မုဥ္စစေတနာ ပရစေတနာတိ တိဿော စေတနာ ဥပ္ပန္နာ၊ ဘိက္ခု သံဃမ္ပိ ဿာ အာရဗ္ဘ ဥပ္ပဇ္ဇန္တု၊ ဝေမယာ ဆ စေတနာ ကောတော

www.dhammaransi.com



ဟုတွာ ဒီဃရတ္တံ ဟိတာယ သုခါယ ပဝတ္တိဿန္တိ။

(၂) သံဃေ ခေါ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃော စာတိ။

(၃) အဟံ န စိရဋ္ဌိတိကော၊ မယှံ ပန သာသနံ ဘိက္ခူ သံဃေ ပတိဋ္ဌဟိဿတိ၊ ပစ္ဆိမာ ဇနတာ သံဃေ စိတ္တီကာရံ ဇနေတူတိ ယာဝ တတိယံ ပဋိဗာဟိတွာ သံဃဿ ဒါပေသိ။

ဤသို့ဖြင့် မိထွေးတော်၏ သင်္ကန်းကို ယက်လုပ်ပြီး မြတ်ဘုရားအား လှူဒါန်းပုံ အကြောင်းကား ထင်ရှားလေပြီ။

## သံဃိက သင်္ကန်း

မိထွေးတော်၏ သင်္ကန်းအလှူကို အစွဲပြု၍ မြတ်စွာဘုရားသည် ပုဂ္ဂလိက အလှူ ၁၄ မျိုးနှင့် သံဃိက အလှူ ၇ မျိုးကို အကျိုးများနှင့်တကွ ဥပရိပဏ္ဏာသ ပါဠိတော် ဒက္ခိဏာ ဝိဘင်္ဂသုတ်၌ ကျယ်ကျယ်ပြန့်ပြန့် ဟောတော်မူခဲ့ပါသည်။

အချုပ်အားဖြင့် မြတ်စွာဘုရား၏ ညွှန်ကြားချက်အရ မိထွေးတော်၏ သင်္ကန်းအလှူသည် သံဃိကဒါန ဖြစ်ခဲ့ပေသည်။ သံဃေ ဒိန္နေ မဟပ္ဖလံ အရ မှန်မြတ်သောအကျိုးကို ရရှိစေနိုင်သော အလှူမွန်အလှူမြတ် ဖြစ်ခဲ့ရပေပြီ။ ထို့ကြောင့် သံဃိက သင်္ကန်း လှူဒါန်းရေးကိစ္စမှာ မိထွေးတော်မှ မြစ်ဖျားခံခဲ့သည်ဟု ထင်ရှားမှုကို ထောက်ဆ၍ ဆိုနိုင်ပါသည်။

www.dhammaransi.com



## သံဃိက အလှူချည်းပင်

မြတ်စွာဘုရား ခွင့်ပြုတော်မူသော ကထိန်လျှာသင်္ကန်းအလှူသည်လည်း သံဃိကအလှူပင် ဖြစ်ပါသည်။

မိခွေးတော်၏ သင်္ကန်းအလှူနှင့် ကထိန်သင်္ကန်းအလှူသည် သံဃိကအဖြစ်ဖြင့် သံဃိကချင်း တူခဲ့ပါ၏။ ယင်းသို့ဖြင့် မိခွေးတော်၏ သင်္ကန်းယက်လုပ် လှူဒါန်းပုံကို မသိုး သင်္ကန်းတွင် ရောင်ပြန်ဟပ်၍ တည်ထွင်ကြံဆ အတုပြုလုပ်ကြခြင်းသည်ကား အလွန်ပင် တန်ဖိုးရှိလှပါပေ၏။

မိခွေးတော်၏ လှူဒါန်းပုံကား အနာဂတ် သာသနာတော်အတွက် မီးရှူးတန်ဆောင်ဖြစ်ခဲ့၏။ ထို့ကြောင့် မြတ်ဘုရားလက်ထက်မှ ယခုခေတ် နှစ်ပေါင်း နှစ်ထောင့်ငါးရာ ကြာမြင့်သည့်တိုင်အောင်လည်း အရောင်တဝင်းဝင်း ထွန်းလင်းပြောင်လျက် ရှိပေ၏။ မိခွေးတော်၏ လှူဒါန်းပုံကို အတုယူ၍ ထေရဝါဒ သာသနာ၏ ဒါယကာ ဖြစ်တော်မူကြကုန်သော ဘုရင်မင်းမြတ် အဆက်ဆက်တို့သည်လည်း မိခွေးတော်၏လက်မှ လက်ဆင့်ကမ်း ကာ သယ်ဆောင်လာခဲ့ကြသဖြင့်လည်း ကျွန်ုပ်တို့လက်သို့တိုင် အောင် ရောက်ရှိခဲ့ပါပြီ။ ဤသယ်ဆောင်မှုကား ယခုသည်းထွန်းလင်းတောက်ပြောင်၍ နောင်တွင်လည်း အတုမဲ့အောင် ဖြစ်လာ လိမ့်မည်။ အကြောင်းသော်ကား လူထုအား ဟိုင်းပြည်အားဖြင့် သယ်ဆောင်လာခြင်းကြောင့် ဖြစ်ပေ၏။ မှန်လှ၏။ အ

www.dhammaransi.com



နိုးကပ်ဆိုး ကြည့်ပါဦးလော့။ ယခင်က ရွှေတိဂုံ စေတီတော်ကြီး၏ မသိုးသင်္ကန်း ကပ်လှူပွဲသည် ရေကြည်တော်ဝတ်အသင်း၏ မူပိုင်ဖြစ်ခဲ့၏။ ယခုအခါသော် ရွှေတိဂုံ စေတီတော် ဂေါပကအဖွဲ့ကြီး၏ ကြီးကြပ် အုပ်ချုပ်မှု လက်အောက်သို့ အလိုလိုပင် ရောက်ရှိလာ၏။ ရွှေတိဂုံ စေတီတော်ကြီး၏ ဘုန်းတော်၊ ကံတော် အနန္တတို့ကြောင့် မသိုးသင်္ကန်းတည်းဟူသော အာသာဝတီ နွယ်နီနတ်ပန်းသည် ဘုန်းကံရှင်ဖြစ်သည့် ရွှေတိဂုံ စေတီတော် ဂေါပကအဖွဲ့ကြီး၏လက်သို့ အလိုလိုပင် ညွှတ်ခ၍ လာခဲ့ရပါပေသည်။

## ပထမအကြိမ် ကျင်းပခြင်း

ပထမနှစ် ခေါ်ဆိုရမည့် ၁၃၄၂ ခုနှစ်တွင် အချိန်မရလိုက်သဖြင့် တိုင်းနှင့် ပြည်နယ် ၁၄ ခု ရှိရာတွင် တဝက်မျှ တက်ရောက်၍ ရွှေတိဂုံ စေတီတော်ကြီး၏ အရိပ်အောက်ဝယ် မသိုးသင်္ကန်း ကပ်လှူပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ပါသည်။ ထို မသိုးသင်္ကန်းကပ်လှူပွဲနှင့် ဆက်၍—

(၁) သွေးပုလင်းပေါင်း ၃၀၀၀ လှူဒါန်းပွဲ၊

(၂) ကျပ် သိန်း တရာကျော်ဖိုး ရွှေစင် ရွှေသား ရွှေပြား သင်္ကန်းတော် ကပ်လှူပူဇော်ပွဲ၊

(၃) သံဃာတော် အပါး ၁၀၀၀ အနေကဇာ တင်ပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲ စသည့် မဟာအလှူတော်-

www.dhammaransi.com



ကြီးများကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပခဲ့ပါသည်။ စေတီတော်ကြီး၏ အရိပ်အောက်ဝယ် မြေညီတတမျှ စည်ကားလှပါသည်။ ထိုပွဲကြီး၏ ဗဟိုကော်မတီတွင် နိုင်ငံတော် ကောင်စီဝင် ရွှေတိဂုံစေတီတော် နာယက အဖွဲ့ဝင် (အဖ) ဦးမင်းသိမ်းက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဂေါပကအဖွဲ့ဝင် ဦးဘိုးဟန်က ဒု-ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဂေါပကအဖွဲ့ဝင် ဦးကြိုင်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဆောင်ရွက်ပြီး အဖွဲ့ငယ်များ၏ တာဝန်ကို အောက်ပါအတိုင်း အသီးသီး ဆောင်ရွက်ကြပါသည်။

(၁) ဂေါပကအဖွဲ့ဝင် ဦးမောင်မောင်ညွန့်က ဗုဒ္ဓပူဇနီယကော်မတီဥက္ကဋ္ဌနှင့် သတင်းနှင့် ပြန်ကြားရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်ရင်းလည်းကောင်း၊

(၂) ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းခေါင်က ပျော်ပွဲရွှင်ပွဲကော်မတီ ဥက္ကဋ္ဌနှင့် မသိုးသင်္ကန်း ကပ်လှူပူဇော်ပွဲတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊

(၃) ဂေါပကအဖွဲ့ဝင် ဦးခင်မောင်လေးက သံဃာတော်အပါး ၁၀၀၀ အနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊

(၄) ဂေါပကအဖွဲ့ဝင် ဦးညွန့်ရီက ဆွမ်းတော်ကြီးတင်နှင့် ဆွမ်းတော်သိမ်း ကော်မတီ ဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးကော်မတီဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊

www.dhammaransi.com



(၅) ဂေါပကအဖွဲ့ဝင် ဦးဘမော်က ကျန်းမာရေးနှင့် သန့်ရှင်းရေး ကော်မတီ ဥက္ကဋ္ဌအဖြစ်သည်းကောင်း၊

(၆) ဂေါပကအဖွဲ့ဝင် ဦးကြိုင်က လုံခြုံရေးနှင့် စောင့်ရှောက်ရေး ကော်မတီ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဂေါပကအဖွဲ့ဝင် အသီးသီးတို့သည် ဦးစီး ဦးဆောင်၍ ပွဲတော်ကြီး အောင်မြင်ရေးအတွက် ကြိုးစား ဆောင်ရွက်ခဲ့ကြပါသည်။

ဤဂေါပကအဖွဲ့ဝင် လူကြီးများ လက်ထက်တွင် မကြုံစဖူး အံ့ချီးကျူးလောက်အောင် ထောက်ပြောင်သော အလှူပွဲတော်ကြီးများ ဖြစ်မြောက်ခဲ့၏။ စေတနာလွှမ်းတင့် သဒ္ဓါပန်းပွင့်ကြသဖြင့် ဤ ဂေါပကအဖွဲ့ဝင် လူကြီးများကား သဒ္ဓါမိကဘုရားလောင်းလျာများ ဖြစ်ကြရော့သလားဟု ထင်မှတ်မှားတော့၏။

## ၁၃၄၃-ခုနှစ် မသိုးသင်္ကန်းပွဲ

ဤမျှနှင့် အားမရသေး ယခုဘဖန် ၁၃၄၃ ခုနှစ် (၁၉၈၁) ခုနှစ် ကျပြန်တော့လည်း တန်ဆောင်မုန်း လပြည့်နေ့တွင် တိုင်းနှင့်ပြည်နယ် ၁၄ ခုတို့မှ ပါဝင်ယှဉ်နွဲကြမည့် မသိုးသင်္ကန်း ကပ်လှူပူဇော်ပွဲကြီးကို ကျင်းပဦးမည် ဖြစ်ပါသည်။ ထိုပွဲကြီး ကိုလည်း နိုင်ငံတော်ကောင်စီဝင် ဦးမင်းသိမ်းပင် ဥက္ကဋ္ဌအဖြစ်

www.dhammaransi.com



ဆောင်ရွက်၍ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပမည် ဖြစ်ပါသည်။ ထိုပွဲကြီးကား ခြိမ့်ခြိမ့်သဲမျှ စည်ကားမည့် ပွဲတော်ကြီးလည်း ဖြစ်ပေမည်။

ထိုသို့ စည်ကားအောင်လည်း ရေးဖြစ်ဟောင်းကို ပြန်ပြောင်းအောက်မေ့ဖွယ် သရုပ်ဆောင်ကြမည် ဖြစ်၏။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မိဒွေးတော်၏ အစဦးစွာ ဦးဆောင်သာမှုကို သာသနာ့ဒါယကာ ဘုရင်အဆက်ဆက်တို့က "ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် အစဉ်အလာ" မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် သမိုင်းကြောင်းကို မတိမ်ကောမပပျောက်အောင် ပြည်ထောင်စုအတွင်းရှိ တိုင်းနှင့်ပြည်နယ် ၁၄-ခုဖြင့် မသိုးသက်န်း ယက်လုပ် လှူဒါန်းပွဲကြီးအဖြစ် ကျင်းပလုပ်ဆောင်ကြမည် ဖြစ်ပါသည်။

ထို့ပြင် ပြည်ထောင်စုအတွင်းရှိ တိုင်းနှင့်ပြည်နယ် ၁၄ ခု၏ ယက္ကန်းပြပွဲကြီးကို ပူးတွဲ၍ ကျင်းပကြမည် ဖြစ်ပါသည်။

ပြည်ထောင်စုသားတို့၏ ယက္ကန်း ယဉ်ကျေးမှုပွဲတော်ဟု ဆိုလျှင်လည်း မှားမည်မထင်ပါ။

ထို့ပြင် မြတ်ဘုရား ရွှေတိဂုံ၌ "အေးအတူ ပူအမျှ၊ မရှိအတူ ရှိအတူပြည့်ထောင်စုမှုနှင့်အညီ" ပြည်ထောင်စုသားတိုင်းရင်းသား လူမျိုးပေါင်းစုံ တိုင်းနှင့်ပြည်နယ် ၁၄ ခု တို့၏ စုပေါင်းညီညာ သဟာယပုညကာရီ ကုသိုလ်ပွဲတော်ကြီးအဖြစ် ကျင်းပမည်လည်း ဖြစ်ပါသည်။

www.dhammaransi.com



ထို့ကြောင့် ဤနှစ် ကျင်းပမည့် ပွဲတော်ကား မြန်မာသာသနာဝင်သမိုင်းတွင် မကြုံစဖူး ထူးကဲစွာ သံဃာတော်အပေါင်းတို့ ညီညွတ်ခြင်း၊ စည်းလုံးမိခြင်းဖြစ်ခဲ့သော "သာသနာတော် သန့်ရှင်းတည်တန့် ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး"ကို ဂုဏ်ပြုသော ပွဲတော်ကြီးအဖြစ်နှင့်လည်း သမိုင်းတွင် တွင်ရစ်မည် ဖြစ်ပါသည်။ တွင်ရစ်ပါစေဟု ဆန္ဒပြုရင်း နိဂုံး ချုပ်အပ်ပါတော့သတည်း။

နေမျိုးကျော်ထင်

www.dhammaransi.com

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူ ဒါန်းပါသည်။